သိန်းမင်းစာပေ



လုံးချင်းဝတ္ထုသစ်

# ပုရာလျှိုးဝေ

## ရင်နှင့်တာမျှ

ပန်းချီ သိန်းရွှေကြည်

# အခန်း(၁)

"ဘယ်လိုလဲ လဲ့ချို၊ မင်းရဲ့ အမေက ဒီခြံကြီးကို ရောင်းပစ်ဖို့ စိတ်မကူးသေးဘူးလား"

"ကိုအောင်ကလည်း အဲဒီအကြောင်းကိုပဲ ထပ်တလဲလဲပြောနေတာပဲ ၊ မေမေ လုံးဝ လက်မခံတာသိသားနဲ့ "

"မင်းအမေက သိပ်ကိုအစွဲအလမ်းကြီးလွန်းပါတယ်၊ ဘာလို့ သဘာဝကျကျ မတွေးနိုင်တာလဲ"

"ကိုအောင်နော်၊ မေမေ့ကို အဲလိုမပြောနဲ့ လဲ့ချိုမကြိုက်ဘူး"

"အမှန်တရားကို မင်းကပါ ဘာပြုလို့ မျက်ကွယ်ပြုချင်တာလဲ လဲ့ချိုရယ်"

"တော်တော့ ကိုအောင်၊ အဲဒီအကြောင်း ဆက်မပြောနဲ့ တော့"

"ကိုယ့်ကိုရော လက်ထပ်ဖို့ စိတ်ကူးမှ ရှိသေးရဲ့ လား"

"လောလောဆယ် လက်မထပ်ဖြစ်သေးတာလွဲရင် စိတ်ကူးရှိပါတယ် ကိုအောင်ရယ်၊ လဲ့ချို စိတ်မကောင်းအောင် မပြောပါနဲ့ "

နံနက်စောစောစီးစီး အိမ်ကို နွားနို့လာပို့ရင်းနှင့် မကျေမနပ်ပြောနေသော ကျော်အောင်ကို သျှားလဲ့ချိုက လေပြည်သွေးလိုက်သည် ။

"ကဲ ... အေးအေးဆေးဆေးထိုင်ပြီး စိတ်တွေလန်းဆန်းသွားအောင်

ကော်ဖီပူပူလေး သောက်လိုက်ပါဦး"

ကျော်အောင်က သျှားလဲ့ချိုကို လေပြည်လေးထိုးပြီး ထိုင်ခိုင်းလိုက်သည် ။ သန့်ရှင်းသပ်ရပ်သော မီးဖိုထဲမှာ ပဲ ကျော်အောင်ကို ထိုင်ခိုင်းလိုက်သည် ။

"လဲ့ချိုရယ်၊ မင်းကိုလက်ထပ်ဖို့ စောင့်မျှော်ရတာ ကိုယ့်မှာ လည်ပင်းရှေတောင်းဖြစ်နေပြီ"

"ကိုအောင်ရယ်၊ အဲဒီစကားတွေကို ထပ်တလဲလဲ မပြောပါနဲ့ ၊ လဲ့ချိုတကယ်ပဲ စိတ်ညစ်တယ်သိလား"

"မင်းရဲ့ ဘဝမှာ ကိုယ်က အမြဲ ဒုတိယနေရာမှာ ပဲထင်ပါရဲ့ "

"ကြည့် ပြောလေ ပိုဆိုးလေပဲ"

ထိုအချိန်မှာ သျှားလဲ့ချိုရဲ့ မိခင် ဒေါ်ကေသီက နံနက်စာစားသောက်ရန် မီးဖိုထဲသို့ ရောက်လာသည် ။ ကျော်အောင်ကိုတွေ့၍ နှုတ်ဆက်လိုက်သည် ။

"ဒီနေ့ မောင်ကျော်အောင် လာတာ စောသားပဲ"

"သူ စောတာ မဟုတ်ဘူး ၊ မေမေက အိပ်ရာထနောက်ကျတာ"

သျှားလဲ့ချိုက ပြုံးပြုံးရယ်ရယ်နှင့် ဝင်ပြောလိုက်သည် ။

"ဟင် ... ဟုတ်လား၊ နာရီတောင် မကြည့်မိပါဘူးကွယ်"

ဒေါ်ကေသီက ကုလားထိုင်တစ်လုံးကို ဆွဲထုတ်လိုက်ပြီး ထိုင်သည် ။ သျှားလဲ့ချိုက ကော်ဖီကရားထဲကနေ ကော်ဖီကို မိခင်ရဲ့ ပန်းကန်ထဲသို့ ငှဲ့ထည့်ပေးလိုက်သည် ။

"ဒေါ်လေး အခုတလော ခြံရဲ့ အခြေအနေက ပိုပြီးကျဆင်းနေတယ်

နော်"

"ဟုတ်တယ် မောင်ကျော်အောင်ရယ်၊ စီးပွားရေးကလည်း တစ်နှစ်ထက် တစ်နှစ် တိုးပြီးဆုတ်ယုတ်နေပြီ၊ ဒေါ်လေးလည်း စိတ်ညစ်နေပြီ"

"မိန်းမသားချည်းလုပ်ကိုင်နေရပြီး အင်အားကလည်း နည်းနေတာကိုး"

"ဒေါ်လေးတို့ တက်အားသလောက် အစွမ်းကုန် ကြိုးစားနေပါတယ်ကွယ်"

"ဒေါ်လေး ဒီခြံကိုရောင်းလိုက်ပါလား"

"ရောင်းရမယ် ဟုတ်လား"

ဒေါ်ကေသီက အံ့သြထိတ်လန့်သွားသောပုံစံနှင့် ပြန်မေးသည် ။ သျှားလဲ့ချိုက ကျော်အောင်ကို မျက်နှာရိပ် မျက်နှာကဲနှင့် ထိုစကားကို မပြောရန်တားသည် ။ ကျော်အောင်က သျှားလဲ့ချိုရဲ့ သတိပေးမီးနီကို ဂရုမစိုက်ဘဲ ရှေ့တိုး၍ ပြောနေသည် ။

"မိန်းမသားတွေချည်းပဲ ဒီစိုက်ပျိုးရေးကို ဦးစီးပြီးလုပ်နေရတာ ပင်ပန်းပါတယ်၊ စျေးကောင်းနဲ့ ဝယ်သူရှိတုန်း ရောင်းသင့်တယ်"

"ရောင်းပြီး ဘာလုပ်ရမှာ လဲ"

"အသင့်အတင့် အိမ်လေးဝယ်ပြီး တခြားစီးပွားရေးကို ပြောင်းလုပ်ရင်ကောင်းမယ်"

"အခြားစီးပွားရေးကို ဒေါ်လေးတို့ နားမှ မလည်တာ၊ ဒီခြံလုပ်ငန်းက နှစ်ပေါင်းအတော်ကြာ လုပ်ခဲ့တာ ဒီအလုပ်က အတွေ့အကြုံရနေပြီလေ"

"ဒေါ်လေးရယ် အဲလို တစ်ယူသန်ပြီး စိတ်မကူးနဲ့ လေ"

ဒေါ်ကေသီရဲ့ မျက်နှာ နည်းနည်းတည်သွားသည် ။ မိခင်ရဲ့ အလိုမကျမှုကိုသိပြီး ကျော်အောင်အား ထပ်မံ၍ သတိပေးသော အရိပ်အခြည်ကို ပြလိုက်သည် ။ ကျော်အောင် ကဆို တစ်ချက်ပြလို့ လုံး၀ ဂရုမစိုက်ပါ ။

"တော်ပါပြီ မောင်ကျော်အောင်ရယ်၊ ရောင်းဖို့ ကိစ္စ မပြောပါနဲ့ တော့ကွယ်၊ ဒီနေရာမှာ ခေါင်းချခဲ့တာဆိုတော့ ဒီမှာ ပဲနေချင်တယ်"

"ဒေါ်လေးကလည်း အဓိပ္ပာယ်မရှိတာကို စွဲလမ်းနေပါပြီ"

"အေးလေ၊ မင်းတို့ အတွက် အဓိပ္ပာယ်မရှိပေမယ့် ဒေါ်လေးအတွက်ကတော့ အဓိပ္ပာယ်ရှိပါတယ်ကွယ်"

အသက်လေးဆယ်ကျော်ပြီဖြစ်သော်လည်း နုပျိုချောမွေ့နေကာ ဒေါ်ကေသီက နှစ်လိုဖွယ်အပြုံးတွေနှင့် ပြောလိုက်သည် ။ စိတ်ဆိုးဟန်မပြဘဲ အပြုံးချိုချိုနှင့် ဒေါ်ကေသီကိုကြည့်ပြီး ကျော်အောင်က သူ့ရဲ့ တိုက်တွန်းမှုကို လျှော့ချလိုက်သည် ။

"ဒေါ်လေး ဒီလောက်တောင် စိတ်အားထက်သန်နေရင် ကျွန်တော် မတိုက်တွန်းတော့ပါဘူး"

"မင်းအကြံပေးတာကို ကျေးဇူးတင်ပါတယ်"

"ကျွန်တော်က ၀ယ်သူရှိတုန်း ရောင်းစေချင်လို့ ပါ"

"အေးပါကွယ်"

ကျော်အောင်က ကော်ဖီသောက်ပြီး နှုတ်ဆက်ကာ ပြန်သွားသည် ။ ဒေါ်ကေသီက တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေပုံရသည် ။

"မေမေ ဘာကိုစဉ်းစားနေတာလဲ"

"ဒီနေရာမှာ ပန်းမစိုက်ဘဲ ပန်းခင်းတွေမှာ ဘန်ဂလိုလေးငါးလုံး ဆောက်ရင်ကောင်းမလားလို့ "

"ဟာ ... မေမေကလည်း ညောင်ရွှေမှာ တည်းခိုခန်းတွေ၊ ဟိုတယ်တွေ ရှိနေတာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ မေမေတို့ နေရာက ညောင်ရွှေရဲ့ အစွန်အဖျား၊ အေးအေးချမ်းချမ်း လာပြီးအနားယူနိုင်တဲ့ သူတွေအတွက် သင့်တော်တာပေါ့"

"ဖြစ်ပါ့မလား မေမေရယ်"

"မေမေ့စိတ်ထဲမှာ တော့ အဲဒါကို သိပ်လုပ်ချင်တယ်၊ ဖြစ်မြောက်မယ်လို့ လည်း ထင်တယ်၊ သစ်သားဘန်ဂလိုလေးတွေဆိုတော့ ဆောက်ရတဲ့ စရိတ်စကလည်း သက်သာမယ်ထင်တယ်"

"သစ်တွေက ဈေးကြီးကကြီးနဲ့ မေမေရယ်"

"တောသစ်နဲ့ လှအောင်ဆောက်ရင် ဖြစ်ပါတယ် သမီးရယ်၊ အခန်းနှစ်ခန်းရယ်၊ ရေချိုးခန်း၊ အိပ်သာ၊ မီးဖိုကျဉ်းကျဉ်းလေးပါ ထည့်လိုက်ရင် သိပ်အကုန်အကျများမှာ မဟုတ်ပါဘူး"

"အဲဒီလိုဆောက်ဖို့ အရင်းအနှီးရော"

"မေမေရဲ့ အတွင်းပစ္စည်းတွေကို ရောင်းလိုက်မှာ ပေါ့ကွယ်"

"အောင်မြင်ရင် တော်ပါရဲ့ ၊ မအောင်မြင်ရင် ရှိတဲ့ အတွင်းပစ္စည်းပါ ဆုံးသွားပါဦးမယ်"

"မေမေကတော့ အောင်မြင်မှာ ကို ယုံကြည်တယ်၊ ဒါကြောင့် ဖြစ်

အောင်လုပ်ချင်တယ်"

အလွန်စိတ်ဓာတ်တက်ကြွနေသော မိခင်ကို ကြည့်ပြီး ကန့်ကွက်တားဆီးသောစကားကို မပြောရက်တော့ပါ။

"မေမေ သိပ်ပြီး စိတ်အားထက်သန်နေရင် လုပ်ပါ"

"သမီးက အားပေးမှာ လား"

"ကိုယ့်အမေပဲ၊ အားပေးရမှာ ပေါ့"

သျှားလဲ့ချို့က ပြုံးရယ်ပြီး ပြောလိုက်သည် ။ မိခင်ထံမှ လှုပမှု အမွေတွေကို သျှားလဲ့ချို့က ပြည့်ပြည့်ဝဝ ဆက်ခံရရှိနေပါသည် ။ အရွယ်တင်သောမိခင်က သူနှင့် ယှဉ်လိုက်လျှင် ညီအစ်မတမျှ ရှိနေပါသည် ။

"ဒါဆို စီမံကိန်းကို မြန်မြန်အကောင်အထည်ဖော်မှ ဖြစ်မယ် သမီးရေ"

"ဟုတ်ကဲ့ပါ မေမေ"

"ဒီတစ်ခေါက်ပန်းတွေကလည်း သိပ်မအောင်ဘူး၊ ပင်ပန်းသလောက် မခံစားရတာ၊ စိတ်ညစ်လိုက်တာ"

"မေမေရယ်၊ စီးပွားရေးကို တအားကြီးလွှတ်ပူမနေပါနဲ့ ၊ သမီးတို့ သားအမိနှစ်ယောက် စားလောက်သောက်လောက်နေတာပဲ မဟုတ်လား"

"အေးလေ၊ ဒါလည်း ဒါပေါ့ကွယ်"

"သမီး ပန်းခင်းထဲ ဆင်းလိုက်ဦးမယ်"

"မေမေလည်း လိုက်ခဲ့မယ်"

"အလုပ်မှ သိပ်မရှိတာ မေမေ နေခဲ့ပါ"

ဒေါ်ကေသီကို ထားခဲ့ပြီး ခြံထဲဆင်းလိုက်သည် ။ မသန့်စွမ်း မဖြစ်ထွ န်းသော ပန်းခင်းကိုကြည့်ပြီး သျှားလဲ့ချိုက အတော်ကို စိတ်ဓာတ်ကျနေသည် ။

"မေမေ ပြောသလို စီးပွားရေးကို ပြောင်းလုပ်ပြီး အောင်မြင်ရင် ကောင်းမှာ ပဲ"

"မတည်ဖို့ အတွက် အတွင်းပစ္စည်းတွေ ရောင်းရမှာ တော့ နမြောဖို့ ကောင်းတယ်"

"မေမေက သိပ်ပြီး စိတ်အားထက်သန်နေတော့ သူ့ရဲ့ ဆန္ဒကို ငါ ဖြ ည့်ဆည်းပေးရမှာ ပါလေ"

ပန်းခင်းထဲမှာ လုပ်ကိုင်ရင်းနှင့် စိတ်မောစရာအဖြစ်တွေကို မေ့ထားလိုက်သည် ။

***

## အခန်း(၂)

ညနေစောင်း ရေမိုးချိုးပြီး သျှားလဲ့ချိုက ကျော်အောင်တို့ ခြံဘက်သို့ လျှောက်သွားသည် ။ တစ်ကိုယ်တည်းသမား ကျော်အောင်က ခြံထဲမှာ အလုပ်မပြီးသေးပါ။

"ကိုအောင် မှောင်တော့မယ်၊ အလုပ်မပြီးသေးဘူးလား"

"ပြီးတော့မှာ ပါ"

"အလုပ်သမားတွေရှိသားနဲ့ ၊ ခိုင်းရင်ရတာ ကိုယ်တိုင်လုပ်နေတာပဲ လား"

"ကိုယ့်အကြောင်းသိသားနဲ့ ကွာ"

"စကားပြောရအောင်လာတာ၊ အလုပ်မအားရင် ပြန်တော့မယ်"

"ဟာ ... လဲ့ချိုကလည်း လာပြီးမှ ပြန်တော့မလို့ လား"

"အင်းလေ၊ ကိုအောင်ကမှ မအားတာ"

"အခုပြီးပါပြီ၊ ရေမိုးချိုး ထမင်းစားရင်းနဲ့ စကားပြောမယ်လေ"

"မစားတော့ပါဘူး၊ မေမေ စောင့်နေမှာ "

"ဒါဆို ရေချိုးတာတော့ ခဏစောင့်နော်"

"ကောင်းပြီ"

"ညှော့ခန်းထဲမှာ စောင့်နေနော်၊ ငါးမိနစ်အတွင်း ကိုယ် ရောက်လာမယ်"

"အင်း"

သျှားလဲ့ချို က ညှော့ခန်းဆီသို့ ထွက်လာသည် ။ ပညာတတ် ဘွဲ့ရဖြစ်သော်လည်း ကျော်အောင်သည် အခြားလုပ်ငန်းမလုပ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ပြီး ချမ်းသာသောစာရင်းမှာ ဝင်နေသော သူတစ်ယောက်ပါ။

မိဘတွေမရှိဘဲ တစ်ယောက်တည်းဘဝကို ရုန်းကန်ပြီး အမြဲတမ်း သူ့ကိုယ်သူ ယုံကြည်ချက်ပြည့်ဝစွာ ရှိသောသူပါ။

ငယ်ငယ်ကတည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည် ။ သူ့ မိဘတွေ ဆုံးပါးသွားပြီး သူ့ကို ဒေါ်ကေသီက ပို၍ ဂရုတစိုက်ဆက်ဆံခဲ့သည် ။ သူ့ အပေါ်တွင် စာနာနားလည်မှု အများ ဆုံးပေးသော သျှားလဲ့ချို အပေါ်မှာ ကျော်အောင်က စိတ်ဝင်စားသည် ။

ချောမွေ့လှပပြီး လိမ္မာရေးခြားရှိသော သျှားလဲ့ချိုကို အိမ်ထောင်ဖက်အဖြစ် သတ်မှတ်ခဲ့သည် ။ ကျော်အောင် ရေချိုးပြီးထွက်လာတော့ သျှားလဲ့ချိုတစ်ယောက် ခပ်တွေတွေလေး ထိုင်နေသည် ကို တွေ့သည် ။

"လဲ့ချို ဘာတွေစဉ်းစားနေတာလဲ"

"လဲ့ချိုတို့ ရဲ့ စီးပွားရေးအကြောင်းပါ"

"သိပ်မစဉ်းစားနဲ့ ၊ တော်ကြာ အရွယ်မတိုင်ခင် ဆံပင်တွေဖြူပြီး၊ အဘွားကြီးဖြစ်သွားဦးမယ်"

"မစဉ်းစားလို့ မဖြစ်ဘူးလေ၊ ဘဝရပ်တည်မှုက ရှိသေးတာပဲ"

"အဲဒါ ဘာခက်လို့ လဲ၊ ကိုယ့်ကို လက်ထပ်လိုက်ရင် ပြီးရောပေါ့"

"မေမေ့ကိုကျတော့ရော"

"ဘာဖြစ်လဲ၊ သူ့ကိုလည်း ကိုယ်က တာဝန်ယူမှာ ပေါ့"

"ကိုအောင်ရယ်၊ မေမေ့စိတ်ကိုသိသားနဲ့ ၊ သူက ဘယ်သူ့ကိုမှ မှီခိုချင်တာ မဟုတ်ဘူး ၊ သူ့ဘဝကို သူ့ဘာသာပဲ ရပ်တည်ချင်တာ"

"အဲဒါ ခက်တာပေါ့၊ သူ့ကို နောက်ဆံတင်းနေတာနဲ့ ပဲ သျှားလဲ့ချိုက ကိုယ့်ကိုလက်ခံဖို့ နှောင့်နှေးနေတာမဟုတ်လား"

"ကဲပါ၊ အဲဒီစကားတွေ ကိုအောင် ပြောရလွန်းလို့ မမောသေးဘူးလား"

"မမောပါဘူး၊ မကျေနပ်တော့ ပြောနေမှာ ပဲ"

"ကဲပါ အဲဒါတွေထားလိုက်ပါဦး၊ ခု မေမေက အကြံတစ်ခုရလို့ "

"ဘာအကြံလဲ"

"ခြံထဲမှာ ဘန်ဂလို သုံးလေးလုံးဆောက်ပြီး ငှားမလို့ တဲ့ "

"ဆောက်တာက ဟုတ်ပါပြီ၊ ငွေရင်းငွေနှီးကရော"

"မေမေက အတွင်းပစ္စည်းတွေ ရောင်းမယ်တဲ့ "

"ဒေါ်လေးက ရှိတဲ့ ဟာတွေ ကုန်အောင်ကြံနေပြန်ပြီ၊ ဒီမှာ ဘန်ဂလို ဆောက်တော့ လာတည်းမယ့်သူက ရှိပ့ါမလား"

ကျော်အောင်က ခါးခါးသီးသီးနှင့် လက်မခံနိုင်စွာ ပြောသည် ။

"ရှိသမျှ ပုံအောပြီးရင် ပြီးတော့မှ အလုပ်မဖြစ်ရင် ဒုက္ခရောက်မယ်"

"မေမေက သိပ်ပြီး စိတ်အားထက်သန်နေတယ်၊ အောင်မြင်မယ်လို့

လည်း ယုံကြည်တယ်"

"ညောင်ရွှေမှာ ဟိုတယ်တွေ၊ တည်းခိုခန်းတွေရှိနေတာ ဘယ်သူက သူ့ဆီ တကူးတက လာတည်းမှာ လဲ"

"မေမေက သူ့စိတ်ကူးနဲ့ သူတက်ကြွနေတယ် ကိုအောင်ရယ်၊ သူစိတ်ပျက်အောင် သွားမပြောပါနဲ့ "

"အဲလိုလုပ်ပါပြီတဲ့ ၊ လှဲ့ချိုက အားတော့မှာ လား၊ အဲဒီအလုပ်တွေမှာ သူတစ်ယောက်တည်းမနိုင်လို့ လှဲ့ချို ကူလုပ်ပေးရမှာ ၊ အမေကို တစ်ယောက်တည်း ပစ်မထားရက်ဘူးဆိုပြီး လက်ထပ်ဖို့ က ဝေးဦးမယ်"

စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သော ကျော်အောင်ကို သျှားလှဲ့ချိုက ပြုံးချိုင်သောမျက်နှာလေးနှင့် လေပြည်ထိုးလိုက်သည် ။

"ကိုအောင်ကို လှဲ့ချို လက်ထပ်မှာ ပါ၊ အဲဒီအတွက် စိတ်မပူပါနဲ့ "

ထွားထွားကျိုင်းကျိုင်းနှင့် ယောကျ်ားပီပီသသ ကြည့်ကောင်းနေသော ကျော်အောင်ရဲ့ မျက်နှာက သုန်မှုန်နေသည် ။

"လက်ထပ်မှာ ပါဆိုတဲ့ စကားနဲ့ ကိုယ့်ကို ချွေးသိပ်ခဲ့တာကြာပါပြီ လှဲ့ချိုရယ်၊ လက်တွေ့သာ အကောင်အထည်မပေါ်သေးတာ"

"ကိုအောင်ရယ်၊ လှဲ့ချိုမှာ ကိုအောင်တစ်ယောက်တည်းရှိတာ၊ ကိုအောင့်ကို လက်မထပ်လို့ ဘယ်သူ့ကို လက်ထပ်မှာ လဲ"

သျှားလှဲ့ချိုက ကြည်လင်ချိုမြသော အသံလေးနှင့် ပြောလိုက်သည် ။

"တစ်ချိန်ကျရင် ကိုအောင့်ကို လှဲ့ချို တကယ်လက်ထပ်မှာ ပါ"

"ဘယ်တော့လဲ ပြော၊ အခုကတည်းက တစ်ခါတည်းအချိန်ကို တိတိကျကျ သတ်မှတ်ပေးလိုက်"

"နောက်နှစ်ပေါ့"

"ဟာ … နောက်နှစ်ဆိုတာ ဝေးလွန်းတယ်၊ ဒီနွေကုန်ရင် မိုးဦးရောက်တာနဲ့ လက်ထပ်မယ်၊ ဘယ်လိုလဲ သဘောတူလား"

"ကောင်းပါပြီ၊ အဲဒီအချိန်လောက်ဆိုရင် မေမေ့ရဲ့ အလုပ်က အခြေကျလောက်ပါပြီ"

ခြောက်လလောက် ကွာသေးသော ကာလတွင် ကျောင်အောင်ကို လက်ထပ်ရန် သူ့ဘက်က အသင့်ဖြစ်နေတော့မည်ဟု သျှားလဲ့ချိုက တွက်ဆမိသည် ။

"ဒါပဲနော်၊ အဲဒီအချိန်ကျရင် ကတိမတည်လို့ ကတော့ ကိုယ့်အဆိုးမဆိုနဲ့ "

"ကိုအောင်က ဘာလုပ်မှာ လဲ"

"ဘာလုပ်ရမှာ လဲ၊ သဘောတူတာ မစောင့်တော့ဘဲ တစ်ခါတည်း မင်းလေးကို ခိုးပြေးသွားမှာ "

သျှားလဲ့ချိုရဲ့ ကိုယ်လေးကို ပိုက်ထွေးပြီး မချင့်မရဲနှင့် ကျော်အောင်က ပြောလိုက်သည် ။ သျှားလဲ့ချိုက ကျော်အောင် ကျေနပ်သွားသည့် အတွက် ရင်အေးသွားသည် ။

"မေမေ့ကို အတိုက်အခံမလုပ်ပါနဲ့ ကိုအောင်ရယ်၊ တတ်နိုင်တဲ့ ဘက်က ကူညီလိုက်ပါနော်"

"ဒေါ်လေး လုပ်တာကို မကျေနပ်ပေမယ့် လဲ့ချိုရဲ့ မျက်နှာကို ထောက်ပြီး ကိုယ်တတ်နိုင်သလောက် ကူညီမှာ ပါ"

"ကျေးဇူးတင်ပါတယ် ကိုအောင်"

"ကိုယ်ဗိုက်ဆာနေတယ်၊ ထမင်းစားချင်ပြီ၊ လှဲ့ချိုရော စားသွားပါလား"

"မစားတော့ဘူး၊ မေမေ စောင့်နေလိမ့်မယ်"

သျှားလှဲ့ချိုက ပြန်ရန်ဟန်ပြင်သည်။

"လှဲ့ချို ပြန်မယ်နော်"

"ကိုယ်လိုက်ပို့ပေးမယ်"

"ထမင်းဆာပြီဆို စားတော့လေ"

"နည်းနည်းမှောင်နေပြီ၊ တစ်ယောက်တည်းပြန်မှာ စိတ်မချဘူး"

"ကိုအောင်ရယ် သွားနေကျပဲဟာ"

"စိတ်မချပါဘူးကွာ၊ တစ်နေ့တခြားလှနေတဲ့ လှဲ့ချိုကို လမ်းမှာ တစ်ယောက်ယောက် နှောင့်ယှက်ရင် ဘယ်လိုလုပ်မလဲ"

"ဘယ်သူမှ မနှောင့်ယှက်ဘူး"

"မရဘူး၊ ပို့မှာ ပဲ"

"ကဲ ဒါဆိုလိုက်ပို့တော့"

နှစ်ယောက်သား တူယှဉ်တွဲပြီး လမ်းလျှောက်လာစဉ် မျက်နှာချင်းဆိုင်ကနေ စက်ဘီးစီးလာသော လူရွယ်တစ်ယောက်က သျှားလှဲ့ချိုကို နှုတ်ဆက်လိုက်သည်။

"သျှားလှဲ့ချို ဘယ်ကပြန်လာတာလဲ"

"ကိုအောင်တို့ အိမ်ကလေ"

ဖြတ်ကျော်သွားသော ကျောင်းနေဖက်သူငယ်ချင်း နေချမ်းကို သျှား

လှဲ့ချိုက ပြုံးပြုံးလေး ပြန်ဖြေသည် ။

"တောက်"

ကျော်အောင်က မကျေမနပ်နှင့် တက်ခေါက်လိုက်သည် ။

"ဘာဖြစ်လို့ လဲ ကိုအောင်"

"ဘာဖြစ်ရမှာ လဲ၊ အဲဒီကောင်ကိုက အချိုးမပြေဘူး၊ နှစ်ယောက် အတူတူ လျှောက်လာတာမြင်ရက်သားနဲ့ လှဲ့ချိုကိုပဲ ရွေးပြီး နှုတ်ဆက်သွားတယ် မဟုတ်လား"

"ဟာ ... ကိုအောင်ကလည်း သူက လှဲ့ချိုရဲ့ သူငယ်ချင်းပဲဟာ"

"ဘာဖြစ်ဖြစ်လေ၊ ကိုယ်က လှဲ့ချိုရဲ့ အနားမှာ ရှိနေတာ၊ လူမှုရေးအရ ကိုယ့်ကို ပါးစပ်က နှုတ်မဆက်ရင်တောင် ပြုံးပြဖို့ သင့်တာပေါ့"

"သူ ကိုအောင့်ကို ပြုံးပြီးကြည့်သွားပါတယ်"

"မဟုတ်ပါဘူးကွာ၊ လှဲ့ချိုကိုပဲ ကြည့်သွားတာ၊ သူ့မျက်စိထဲမှာ မင်း တစ်ယောက်ကိုပဲ မြင်တာနေမှာ ပေါ့"

ကြံဖန်သဝန်တိုနေသော ကျော်အောင်ကို သျှားလှဲ့ချိုက ဘယ်လိုမှ နားဝင်အောင် ပြော၍ မရပါ။ သက်ပြင်းတစ်ချက်ကိုသာ စိတ်ညစ်ညစ်နှင့် ချလိုက်ပါတော့သည် ။ လျှောက်လာရင်းနှင့် သျှားလှဲ့ချိုတို့ ရဲ့ ခြံဝသို့ ရောက် လာပြီ။

"ကဲ ... ကိုအောင် ပြန်တော့နော်၊ လှဲ့ချို သွားတော့မယ်"

"အင်း"

သိပ်ကို ကြည်ကြည်လင်လင် မရှိသောမျက်နှာနှင့် ကျော်အောင်က နှုတ်ဆက်ပြီးပြန်သွားသည် ။ ကျော်အောင်ရဲ့

သဝန်တိုစိတ်ကြီးမားမှုကြောင့် သျှားလဲ့ချို မကြာခဏ စိတ်ညစ်ရပါသည် ။

သည် လို စိတ်ရှုပ်၊ စိတ်ညစ်ရသည့် အခါတိုင်းမှာ သူ ငါ့ကို သိပ်ချစ်လို့ ဆိုသောအတွေးနှင့် ခွင့်လွှတ်လိုက်ရသည် သာ။

ဖြည်းလေးသော ခြေလှမ်းတွေနှင့် အိမ်ဆီသို့ လှမ်းလျှောက်ပါသည် ။ သူပြန်အလာကို စောင့်မျှော်နေသော မိခင်ကို တွေ့ရသည် ။

"သမီးရယ် ကြာလိုက်တာ"

"မေမေ စောင့်နေရလို့ လားဟင်"

"အင်းပေါ့၊ ထမင်းစားမလို့ လေ"

"ခဏလေးနော်၊ အဝတ်အစားလဲလိုက်ဦးမယ်"

"မေမေ ခူးထားလိုက်မယ်"

"ရပါတယ်၊ သမီး ခူးပါ့မယ်"

သျှားလဲ့ချိုက အဝတ်အစားမြန်မြန်လဲပြီး ခူးခပ်ပြီး သားအမိ နှစ်ယောက် ထမင်းစားကြသည် ။ စားသောက်ရင်းနှင့် ဒေါ်ကေသီက မေးသည် ။

"မေမေရဲ့ ဘန်ဂလိုဆောက်မယ့် အစီအစဉ်ကို မောင်ကျော်အောင်ကို ပြောပြလိုက်သေးလား"

"ပြောပြလိုက်ပါတယ်"

"သူက ဘယ်လိုသဘောရလဲ"

"ရင်းနှီးမြှုပ်နှံပြီးမှ မအောင်မြင်မှာ ကို စိုးရိမ်နေတယ်"

"မေမေရဲ့ စိတ်ထဲမှာ အောင်မြင်မယ်လို့ ယုံကြည်နေတယ်"

"သူ တတ်နိုင်သလောက်တော့ ကူညီမှာ ပါ မေမေ"

"ဟုတ်လား၊ သူကူညီမှာ လား"

"အဲလိုပြောတာပဲ"

ကျော်အောင် ကူညီမည်ဆို၍ ဒေါ်ကေသီက အားတက်သွားသည်။

"ယောကျ်ားလေးတစ်ယောက် အားကိုးအားထားရှိတော့ ကောင်းတာပေါ့"

"မေမေက အဲဒီဆုံးဖြတ်ချက်အတိုင်းပဲ လုပ်မှာ ပေါ့နော်"

"ဟုတ်တယ်"

"အတွင်းပစ္စည်းတွေ ဘယ်တော့ရောင်းမှာ လဲ မေမေ"

"အမြန်ဆုံးပဲ အကောင်အထည်ဖော်မှာ လေ၊ မောင်ကျော်အောင်ကို အဖော်ခေါ်ပြီး သွားရောင်းရမယ်"

"ဘာတွေကိုရောင်းမှာ လဲ"

"ကျောက်နဲ့ ဆို တန်ဖိုးသိပ်မရဘူး၊ ရှိတဲ့ ရွှေထည်တွေအားလုံးကို ရောင်းရင် လုံလောက်မယ်လို့ ထင်တယ်"

"ဟုတ်ပါတယ်လေ၊ ရှိတော့တန်ဆာ မရှိတော့ဝမ်းစာဆိုတဲ့ စကားရှိတာပဲ မေမေရယ်"

မိခင်စိတ်ချမ်းသာစေရန် သျှားလဲ့ချိုက ဖြေသိမ့်စကားကို ပြောလိုက်သည်။

"ဒီပစ္စည်းတွေက သမီးအတွက်ထားတာ၊ မလွှဲသာလို့ မေမေက ရော

င်းရမှာ "

"သမီးအတွက် မပူပါနဲ့ မေမေရယ်၊ ဒါတွေမလိုပါဘူး"

"မောင်ကျော်အောင်က ချမ်းသာပေမယ့် မေမေက သမီးကို ပေးချင်နေတာပါ"

"သမီး မလိုချင်ပါဘူးမေမေရယ်"

"သမီးတို့ ဘယ်တော့လောက် လက်ထပ်မှာ လဲ"

"လာမယ့်နွေကုန်လောက် သူ့ကိုလက်ထပ်မယ်လို့ ကတိပေးလိုက်တယ်"

"ဟုတ်ပါတယ်ကွယ်၊ သူ့ခမျာမှာ လည်း စောင့်နေရတာကြာပြီကိုး"

ဒေါ်ကေသီက နားလည်စာနာစွာနှင့် ပြောသည် ။

"မေမေကြောင့် နဲ့ သမီးက လွတ်လွတ်လပ်လပ် မဆုံးဖြတ်နိုင်သေးဘူး မဟုတ်လား"

"အဲလိုလည်း မဟုတ်ပါဘူး မေမေရယ်"

"မေမေ့ကို သမီးငဲ့လွန်းတာနဲ့ မောင်ကျော်အောင် စိတ်မရှည်ဘဲ ဖြစ်သွားပါဦးမယ်"

"အဲလိုမဟုတ်ပါဘူး  မေမေရယ်"

"သမီးက လိမ္မာသိတတ်တော့ မေမေကလည်း ပြန်ပြီးနားလည် စာနာပေးရလိမ့်မယ်၊ နို့မို့ဆိုရင် မေမေက တစ်ကိုယ်ကောင်းသမား ဖြစ်သွားလိမ့်မယ်"

"မေမေ့ကို သမီး အဲလိုဘယ်တော့မှ မြင်မှာ မဟုတ်ပါဘူး"

"သမီးက ဟုတ်တယ်လေ၊ မောင်ကျော်အောင်က ရှိသေးတယ် မဟုတ်လား"

"သမီးကို တကယ်မြတ်နိုးပြီး လက်ထပ်ချင်တယ်ဆိုရင် စိတ်ရှည်ရှည်နဲ့ စောင့်ရမှာ ပေါ့ မေမေရယ်"

"အခုအချိန်အထိတော့ စောင့်ရှာသေးတာပဲကွယ်"

"သမီးအတွက် ဘာမှ စိတ်မပူပါနဲ့ ၊ မေမေ အဆင်ပြေဖို့ အရေးကြီးပါတယ်"

"ဘန်ဂလိုတွေ ဆောက်ပြီးရင်တော့ မေမေတစ်ယောက်တည်း နိုင်နိုင်နင်းနင်း လုပ်နိုင်မယ်ထင်တာပဲ"

"ဖြစ်မှာ ပါ မေမေရယ်"

***